We Choose
Albany Public Schools

**RAISE THE BAR. COMMIT TO EXCELLENCE.**

DR. KIMBERLY YOUNG WILKINS, INTERIM SUPERINTENDENT OF SCHOOLS

မတ်လ ၂၃၊ ၂၀၁၇

ချစ်လှစွာသောအော်လ်ဘာနီမြို့မကျောင်းခရိုင်မိသားစုများ

ပြည်နယ်တစ်ခုလုံးရှိပြည်သူ့ကျောင်းခရိုင်များကဲ့သို့ အော်လ်ဘာနီခရိုင်ကျောင်းသည် ၃–၈ တန်းအဆင့်ကျောင်းသားများ၏ ၂၀၁၇ နွေဦးကာလပြည်နယ်စာမေးပွဲများအတွက်ပြင်ဆင်လျက်ရှိပါသည်။ အင်္ဂလိပ်ဘာသာစကားအတတ်ပညာ (ELA)၊ သင်္ချာနှင့်သိပ္ပံဘာသာစာမေးပွဲရက်များကိုသတိပေးရန်နှင့်ကျွန်ုပ်တို့၏ကျောင်းသားများအားလုံးအကောင်းဆုံးဖြေဆိုနိုင်ရန်ဖြည့်စွက်ကူညီပေးမည့်အချက်အလက်ကိုထောက်ပံ့ပေးရန်အတွက်ကျွန်ုပ်ရေးသားလိုက်ပါသည်။

- **ပြည်နယ် (ELA) စာမေးပွဲရက်သည် မတ်လ ၂၈–၃၀ ဖြစ်လိမ့်မည်။**
- **ပြည်နယ်သင်္ချာစာမေးပွဲရက်သည် မေလ ၂–၄ ဖြစ်လိမ့်မည်။**

၄ နှင့် ၈ တန်းအဆင့်ရှိကျောင်းသားများသည်လည်းနယူးယောက်ပြည်နယ်တစ်ခုလုံးသိပ္ပံဘာသာရပ်စာမေးပွဲကိုနှစ်စဉ်ဖြေဆိုကြရသည်။ ထိုစာမေးပွဲ၏အစိတ်အပိုင်းဖြစ်သော စွမ်းဆောင်နိုင်မှု (လက်တွေ့စမ်းသပ်ခန်း) ဖြေဆိုရမည့်ရက်ကိုသင်၏ကျောင်းအုပ်ကြီးမှ မေလ ၂၄ ရက်နှင့်ဇွန်လ ၂ ရက်အကြား ရက်တစ်ရက် ကိုသတ်မှတ်ပေးမည်ဖြစ်သည်။ ၄ နှင့် ၈ တန်းအဆင့်ရှိကျောင်းသားအားလုံးပြည်နယ်သိပ္ပံဘာသာ ရေးဖြေစာမေးပွဲအပိုင်း ကိုဇွန်လ ၅ ရက်နေ့တွင်ဖြေဆိုရမည်ဖြစ်သည်။

ဤနှစ်၏စာမေးပွဲများနီးကပ်လာသည်နှင့်အမျှ၊ အားလုံးသောနယူးယောက်ပြည်နယ်အနှံ့စာမေးပွဲများသည်အတန်းတွင်းသင်ကြားပို့ချမှုကိုလမ်းညွှန်သည့် သင်ယူမှုအဆင့်အတန်းအား ကျောင်းသားများမည်မျှ ကောင်းမွန်စွာကျွမ်းကျင်ပိုင်နိုင်သည်ကိုတိုင်းတာရန်ပုံစံထုတ်ထားသည်ကိုကျေးဇူးပြု၍စိတ်ထဲတွင်မှတ်သားထားစေလိုပါသည်။ ပြည်နယ်၏ပန်းတိုင်သည်ကျောင်းသားများယနေ့ကမ္ဘာလောကတွင်အောင်မြင်ရန်လိုအပ်သည့် ချင့်ချိန်တတ်သောစဉ်းစားဉာဏ်၊ ပြဿနာကို ဖြေရှင်းတတ်မှုနှင့် တွေးခေါ်မြော်မြင်မှုတွင်ကျွမ်းကျင်မှုတို့ဖြင့် အထက်တန်းကျောင်းမှပြီးမြောက်အောင်မြင်ရေးလမ်းကြောင်းပေါ်တွင်ရှိနေကြောင်းသေချာစေရန်အတွက် ကူညီနိုင်ရန်ဖြစ်သည်။

စာမေးပွဲတစ်ခုတည်းအားဖြင့် ကလေးတစ်ယောက်၏အရည်အချင်းများကို ပြည့်ဝစွာတွေ့မြင်နိုင်မည်မဟုတ်ပါ။ သို့သော်လည်း ရမှတ်အဆင့်များ၊ အတန်းတွင်းပါဝင်လှုပ်ရှားမှုများ၊ သင်ခန်းစာအလိုက် ဉာဏ်စမ်းစာမေးပွဲများ၊ စာမေးပွဲများနှင့် (NWEA) ကဲ့သို့သောခရိုင်အဆင့်ချင့်ချိန်ဆုံးဖြတ်ချက်များပေါင်းစပ်ခြင်းဖြင့်နှစ်စဉ်ပြည်နယ်စာမေးပွဲများမှကလေး၏ပညာသင်နှစ်တိုးတက်မှုအကြောင်းအရေးကြီးသောအချက်အလက်ကိုထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

ဤနှစ်စဉ်ပြည်နယ်စာမေးပွဲများအပါအဝင်ကျောင်းတွင်ပြုလုပ်သောအရာအားလုံးအပေါ်တွင် သူတို့တတ်နိုင်သမျှအကောင်းဆုံးကိုပြုလုပ်ရန်ကျွန်ုပ်တို့၏ကျောင်းသားအားလုံးအားကျွန်ုပ်တို့မှအားပေးပါသည်။ စာမေးပွဲမတိုင်မီညတွင်သူ (သို့) သူမအားကောင်းစွာအိပ်စက်စေခြင်း၊ နှင့်ကျန်းမာစေသောနံနက်စာဖြင့်နေ့ရက်ကိုစတင်စေခြင်းဖြင့်သင်၏ကလေးအားပံ့ပိုး ပေးနိုင်သည်။ ကျေးဇူးပြု၍ပိုမိုသောအချက်အလက်နှင့် သင့်အားအထောက်အကူဖြစ်စေမည့်နောက်ထပ်မှီငြမ်းစရာများအတွက် www.albanyschools.org သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အကယ်၍သင်၌အခြားမေးခွန်းများ (သို့) အကြောင်းအရာများရှိပါကသင်၏ကျောင်းအုပ်ကြီးအားကျေးဇူးပြု၍ဆက်သွယ်ပါ။

ရိုးသားစွာဖြင့်

Kimberly Young Wilkins, Ed.D.
Interim Superintendent of Schools
(ကျောင်းများ၏ကြီးကြပ်ရေးမှူး)

1 ACADEMY PARK • ALBANY, NEW YORK 12207
PHONE: (518) 475-6010 • FAX: (518) 475-6014
EMAIL: KWILKINS@ALBANY.K12.NY.US

(BURMESE)